# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥပဒေအမှတ် ၁၄ /၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

## နိဒါန်း

ရခိုင်ပြည်နယ်၏ လူမှုစီးပွားရေး နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်နှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းအတွက် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ရခိုင်ပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ ရခိုင်ပြည်နယ်၏ လူမှုစီးပွားရေးတစ်ရပ်လုံး အတွက်

ဖြစ်စေ၊ ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ ပြည်နယ်အဆင့် ဝန်ကြီးဌာန/ ကဏ္ဍ အလိုက်ဖြစ်စေ၊ စည်ပင်သာယာရေးအဖွဲ့အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ရခိုင်ပြည်နယ်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ ဒေသန္တရစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသခွဲများအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူး စီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဘက်စုံ ဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ(၁)ရက်နေ့ မှ မတ်လ(၃၁) ရက်နေ့အထိ ကာလ ဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ (၆)လ အကောင်အထည် ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ် သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ် သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ ပြည်နယ်အဆင့်ဝန်ကြီးက ကြီးကြပ်ဆောင်ရွက်ရသည့် ဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ၊ ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ( GDP )ကို ပုံမှန်ဈေးနှုန်းအရ ၁.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ခ) ကဏ္ဍအလိုက်တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၁.၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၂) သားငါးကဏ္ဍတွင် ၁.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁၃.၆ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၁.၄ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၀.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၄.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၀.၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၀.၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၀.၃ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁.၂ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်၊

(ဂ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၁၉.၅ ရာခိုင်နှုန်းမှ ၁၉.၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၆.၂ ရာခိုင်နှုန်းမှ ၄၆.၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၄.၃ ရာခိုင်နှုန်းမှ ၃၄.၂ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီး ဖြစ်ပေါ်ရန်၊

(ဃ) ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်နယ်ဘတ်ဂျက်ဖြင့် နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု ကျပ် ၁၃၃,၄၅၁.၅၁၈ သန်းအား ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်၊

(င) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ( Per Capita GDP ) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၃၆၀,၄၁၅ မှ ကျပ် ၁,၄၈၂,၁၅၅ သို့ ဖြစ်ပေါ်လာရန်၊

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မ (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန်ဖြစ်ပြီး စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာန နှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်၊ ဒေသနှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ သို့ရာတွင် တင်ပြလာသည့် စီမံကိန်းများသည် အကျိုးစီးပွားဖြစ်ထွန်းမှု မရှိသော စီမံကိန်းများဖြစ်ကြောင်း အစိုးရအဖွဲ့အဆင့်ဆင့်က စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းအား ဌင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ရမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရေရှည်လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့် အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်၊ ဒေသနှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ ဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေမည့် ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြပြီး ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၂။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကိုထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ဖြစ်ရမည့်အပြင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ ရခိုင်ပြည်နယ်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်း စိစစ်အဆင့်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှ စတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာန နှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုအဆင့် စီမံကိန်းရေးဆွဲမှု ဒေသန္တရစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် နိုင်ငံတော်က ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပူးတွဲ - ၁

## ရခိုင်ပြည်နယ်၏
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၆၉၂,၇၀၈.၉** | **၁၉.၆** | **၁.၇** | **၇၀၁,၅၆၄.၅** | **၁၉.၄** | **၁.၃** |
| | ၁ | လယ်ယာ | ၃၁၆,၄၆၄.၁ | ၉.၀ | ၃.၀ | ၃၂၀,၈၄၂.၃ | ၈.၉ | ၁.၇ |
| | ၂ | သားငါး | ၃၇၅,၁၇၁.၆ | ၁၀.၆ | ၀.၇ | ၃၇၈,၇၉၅.၃ | ၁၀.၅ | ၁.၀ |
| | ၃ | သစ်တော | ၁,၀၇၃.၂ | ၀.၀၃ | -၃.၇ | ၉၂၆.၉ | ၀.၀၃ | -၁၃.၆ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁,၅၅၂,၆၁၈.၇** | **၄၃.၉** | **-၆.၄** | **၁,၅၅၈,၇၄၇.၃** | **၄၃.၃** | **၀.၄** |
| | ၁ | စွမ်းအင် | ၉၄၅,၂၀၁.၁ | ၂၆.၇ | -၇.၅ | ၉၃၂,၁၃၄.၄ | ၂၅.၉ | -၁.၄ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၃၅၉.၉ | ၀.၀၄ | -၂၉.၁ | ၁,၃၆၁.၀ | ၀.၀၄ | ၀.၁ |
| | ၃ | စက်မှုလက်မှု | ၂၉၃,၂၄၂.၉ | ၈.၃ | ၁.၆ | ၃၀၆,၀၆၁.၇ | ၈.၅ | ၄.၄ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂၆,၁၉၂.၄ | ၀.၇ | -၁၃.၉ | ၂၇,၂၃၉.၃ | ၀.၈ | ၄.၀ |
| | ၅ | ဆောက်လုပ်မှု | ၂၈၆,၆၂၂.၄ | ၈.၁ | -၉.၄ | ၂၉၁,၉၅၀.၉ | ၈.၁ | ၁.၉ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁,၂၈၉,၉၉၃.၃** | **၃၆.၅** | **၂.၉** | **၁,၃၄၂,၃၈၄.၈** | **၃၇.၃** | **၄.၁** |
| | ၁ | ပို့ဆောင်ရေး | ၄၇၄,၉၉၂.၅ | ၁၃.၄ | ၄.၇ | ၅၁၃,၄၀၈.၀ | ၁၄.၃ | ၈.၁ |
| | ၂ | ဆက်သွယ်ရေး | ၄၄,၅၈၉.၉ | ၁.၃ | ၀.၆ | ၄၄,၉၃၁.၂ | ၁.၂ | ၀.၈ |
| | ၃ | ငွေရေးကြေးရေး | ၂,၅၇၉.၆ | ၀.၁ | -၆.၀ | ၂,၈၅၉.၅ | ၀.၁ | ၁၀.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၀၂,၃၀၂.၀ | ၂.၉ | ၀.၂ | ၁၀၂,၆၅၀.၃ | ၂.၈ | ၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၁၉,၄၀၇.၄ | ၃.၄ | ၁.၈ | ၁၂၀,၈၇၃.၇ | ၃.၄ | ၁.၂ |
| | ၆ | ကုန်သွယ်မှု | ၅၄၆,၁၂၁.၉ | ၁၅.၄ | ၂.၄ | ၅၅၇,၆၆၂.၁ | ၁၅.၅ | ၂.၁ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၃,၅၃၅,၃၂၀.၉** | **၁၀၀.၀** | **-၁.၆** | **၃,၆၀၂,၆၉၆.၆** | **၁၀၀.၀** | **၁.၉** |

လျှို့ဝှက်

၈

ပူးတွဲ - ၂

## ရခိုင်ပြည်နယ်၏
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂,၂၄၅,၃၂၇.၆** | **၆၃.၅** | **-၄.၁** | **၂,၂၆၀,၃၁၁.၈** | **၆၂.၇** | **၀.၇** |
| | ၁ | လယ်ယာ | ၃၁၆,၄၆၄.၁ | ၉.၀ | ၃.၀ | ၃၂၁,၈၄၂.၃ | ၈.၉ | ၁.၇ |
| | ၂ | သားငါး | ၃၇၅,၁၇၁.၆ | ၁၀.၆ | ၀.၇ | ၃၇၈,၇၉၅.၃ | ၁၀.၅ | ၁.၀ |
| | ၃ | သစ်တော | ၁,၀၇၃.၂ | ၀.၀၃ | -၃.၇ | ၉၂၆.၉ | ၀.၀၃ | -၁၃.၆ |
| | ၄ | စွမ်းအင် | ၉၄၅,၂၀၀.၁ | ၂၆.၇ | -၇.၅ | ၉၃၂,၁၃၄.၄ | ၂၅.၉ | -၁.၄ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၃၅၉.၉ | ၀.၀၄ | -၂၉.၁ | ၁,၃၆၁.၀ | ၀.၀၄ | ၀.၁ |
| | ၆ | စက်မှုလက်မှု | ၂၉၃,၂၄၂.၉ | ၈.၃ | ၁.၆ | ၃၀၆,၀၆၁.၇ | ၈.၅ | ၄.၄ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂၆,၁၉၂.၄ | ၀.၇ | -၁၃.၉ | ၂၇,၂၃၉.၃ | ၀.၈ | ၄.၀ |
| | ၈ | ဆောက်လုပ်မှု | ၂၈၆,၆၂၂.၄ | ၈.၁ | -၉.၄ | ၂၉၁,၉၅၀.၉ | ၈.၁ | ၁.၉ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၇၄၃,၈၇၁.၄** | **၂၁.၀** | **၃.၃** | **၇၈၄,၇၂၂.၇** | **၂၁.၈** | **၅.၅** |
| | ၁ | ပို့ဆောင်ရေး | ၄၇၄,၉၉၂.၅ | ၁၃.၄ | ၄.၇ | ၅၁၃,၄၀၈.၀ | ၁၄.၃ | ၈.၁ |
| | ၂ | ဆက်သွယ်ရေး | ၄၄,၅၈၉.၉ | ၁.၃ | ၀.၆ | ၄၄,၉၃၁.၂ | ၁.၂ | ၀.၈ |
| | ၃ | ငွေရေးကြေးရေး | ၂,၅၇၉.၆ | ၀.၁ | -၆.၀ | ၂,၈၅၉.၅ | ၀.၁ | ၁၀.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၀၂,၃၀၂.၀ | ၂.၉ | ၀.၂ | ၁၀၂,၆၅၀.၃ | ၂.၈ | ၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၁၉,၄၀၇.၄ | ၃.၄ | ၁.၈ | ၁၂၀,၈၇၃.၇ | ၃.၄ | ၁.၂ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၅၄၆,၁၂၁.၉** | **၁၅.၄** | **၂.၄** | **၅၅၇,၆၆၂.၁** | **၁၅.၅** | **၂.၁** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး( ဂျီဒီပီ)** | **၃,၅၃၅,၃၂၀.၉** | **၁၀၀.၀** | **-၁.၆** | **၃,၆၀၂,၆၉၆.၆** | **၁၀၀.၀** | **၁.၉** |

လျှို့ဝှက်

ပူးတွဲ - ၃

## ရခိုင်ပြည်နယ်၏
## ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၈၉၄,၃၈၃.၂** | **၁၉.၅** | **၉၅၇,၅၉၉.၀** | **၁၉.၁** | **၇.၁** |
| | ၁ | လယ်ယာ | ၄၁၃,၄၆၆.၃ | ၉.၀ | ၄၄၅,၄၉၉.၉ | ၈.၉ | ၇.၇ |
| | ၂ | သားငါး | ၄၇၉,၄၃၄.၂ | ၁၀.၅ | ၅၁၀,၇၆၈.၂ | ၁၀.၂ | ၆.၅ |
| | ၃ | သစ်တော | ၁,၄၈၂.၇ | ၀.၀၃ | ၁,၃၃၀.၉ | ၀.၀၃ | -၁၀.၂ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၂,၁၁၄,၆၇၁.၉** | **၄၆.၂** | **၂,၃၄၁,၇၅၆.၁** | **၄၆.၇** | **၁၀.၇** |
| | ၁ | စွမ်းအင် | ၁,၂၉၈,၈၉၉.၇ | ၂၈.၄ | ၁,၄၅၉,၀၅၃.၁ | ၂၉.၁ | ၁၂.၃ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၈၆၁.၆ | ၀.၀၄ | ၁,၉၁၂.၀ | ၀.၁ | ၂.၇ |
| | ၃ | စက်မှုလက်မှု | ၃၉၅,၇၅၇.၃ | ၈.၆ | ၄၃၂,၃၀၈.၇ | ၈.၆ | ၉.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၃၀,၂၁၀.၉ | ၀.၇ | ၃၁,၈၅၉.၄ | ၀.၆ | ၅.၅ |
| | ၅ | ဆောက်လုပ်မှု | ၃၈၇,၉၄၂.၄ | ၈.၅ | ၄၁၆,၆၂၂.၉ | ၈.၃ | ၇.၄ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁,၅၇၀,၁၀၂.၈** | **၃၄.၃** | **၁,၇၁၃,၂၉၃.၀** | **၃၄.၂** | **၉.၁** |
| | ၁ | ပို့ဆောင်ရေး | ၅၁၇,၉၁၁.၄ | ၁၁.၃ | ၅၈၈,၆၈၂.၇ | ၁၁.၇ | ၁၃.၇ |
| | ၂ | ဆက်သွယ်ရေး | ၃၇,၇၅၅.၃ | ၀.၈ | ၃၈,၀၃၅.၇ | ၀.၈ | ၀.၇ |
| | ၃ | ငွေရေးကြေးရေး | ၂,၅၁၀.၀ | ၀.၁ | ၂,၇၈၂.၃ | ၀.၁ | ၁၀.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၀၉,၂၀၄.၇ | ၂.၄ | ၁၀၉,၅၄၂.၂ | ၂.၂ | ၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၅၅,၉၇၈.၉ | ၃.၄ | ၁၆၃,၄၃၇.၀ | ၃.၂ | ၄.၈ |
| | ၆ | ကုန်သွယ်မှု | ၇၄၆,၇၄၂.၅ | ၁၆.၃ | ၈၁၀,၈၀၃.၁ | ၁၆.၂ | ၈.၆ |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | ၄,၅၇၉,၁၅၇.၉ | ၁၀၀.၀ | ၅,၀၁၂,၆၄၈.၁ | ၁၀၀.၀ | ၉.၅ |

ပူးတွဲ - ၄

## ရခိုင်ပြည်နယ်၏
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | (နှစ်ကုန်ခန့်မှန်းခြေ) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ဒေသန္တရစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃,၀၀၉,၀၅၅.၁** | **၆၅.၇** | **၃,၂၉၉,၃၅၅.၁** | **၆၅.၈** | **၉.၆** |
| | ၁ | လယ်ယာ | ၄၁၃,၄၆၆.၃ | ၉.၀ | ၄၄၅,၄၉၉.၉ | ၈.၉ | ၇.၇ |
| | ၂ | သားငါး | ၄၇၉,၄၃၄.၂ | ၁၀.၅ | ၅၁၀,၇၆၈.၂ | ၁၀.၂ | ၆.၅ |
| | ၃ | သစ်တော | ၁,၄၈၂.၇ | ၀.၀၃ | ၁,၃၃၀.၉ | ၀.၀၃ | -၁၀.၂ |
| | ၄ | စွမ်းအင် | ၁,၂၉၈,၈၉၉.၇ | ၂၈.၄ | ၁,၄၅၉,၀၅၃.၁ | ၂၉.၁ | ၁၂.၃ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၈၆၁.၆ | ၀.၀၄ | ၁,၉၁၂.၀ | ၀.၁ | ၂.၇ |
| | ၆ | စက်မှုလက်မှု | ၃၉၅,၇၅၇.၃ | ၈.၆ | ၄၃၂,၃၀၈.၇ | ၈.၆ | ၉.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၃၀,၂၁၀.၉ | ၀.၇ | ၃၁,၈၅၉.၄ | ၀.၆ | ၅.၅ |
| | ၈ | ဆောက်လုပ်မှု | ၃၈၇,၉၄၂.၄ | ၈.၅ | ၄၁၆,၆၂၂.၉ | ၈.၃ | ၇.၄ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၈၂၃,၃၆၀.၃** | **၁၈.၀** | **၉၀၂,၄၇၉.၉** | **၁၈.၀** | **၉.၆** |
| | ၁ | ပို့ဆောင်ရေး | ၅၁၇,၉၁၁.၄ | ၁၁.၃ | ၅၈၈,၆၈၂.၇ | ၁၁.၇ | ၁၃.၇ |
| | ၂ | ဆက်သွယ်ရေး | ၃၇,၇၅၅.၃ | ၀.၈ | ၃၈,၀၃၅.၇ | ၀.၈ | ၀.၇ |
| | ၃ | ငွေရေးကြေးရေး | ၂,၅၁၀.၀ | ၀.၁ | ၂,၇၈၂.၃ | ၀.၁ | ၁၀.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၀၉,၂၀၄.၇ | ၂.၄ | ၁၀၉,၅၄၂.၂ | ၂.၂ | ၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁၅၅,၉၇၈.၉ | ၃.၄ | ၁၆၃,၄၃၇.၀ | ၃.၂ | ၄.၈ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၇၄၆,၇၄၂.၅** | **၁၆.၃** | **၈၁၀,၈၁၃.၁** | **၁၆.၂** | **၈.၆** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၄,၅၇၉,၁၅၇.၉** | **၁၀၀.၀** | **၅,၀၁၂,၆၄၈.၁** | **၁၀၀.၀** | **၉.၅** |